ひと、くらし、みらいのために
厚生労働省
Ministry of Health, Labour and Welfare

# ကိုရိုနာဗိုင်းရပ်စ်(COVID-19)နှင့်သက်ဆိုင်သော အချက်အလက်များ

## ～ ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက်～



## ကိုယ်ဝန်ဆောင်ချိန်တွင်ကူးစက်ခံရလျှင်

ကိုယ်ဝန်ဆောင်ချိန်နောက်ဆုံးသုံးလပတ်တွင်
ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရပါက ပုံမှန်လူများနှင့်တူညီသောရောဂါလက္ခဏာနှင့် ပြင်းထန်မှု တွေ
့ရှိရကြောင်းလက်ရှိအခြေအနေတွင်သိရှိရပါသည်။ ကိုယ်ဝန်ဆောင်မိခင်မှ
သန္ဓေသားထံ ကူးစက်နိုင်ကြောင်းကို ပြည်ပနိုင်ငံများမှသတင်းရရှိပါသည်။သို
့သော် ကလေးတွင်မွေးရာပါချို့ယွင်းချက်ဖြစ်ခြင်း၊ ကလေးအသေမွေးခြင်း
နှင့် ကိုယ်ဝန်ပျက်ကျခြင်းများ
မတွေ့ရပါ။ သို့ပါသဖြင့်ကိုယ်ဝန်ဆောင်များ လိုအပ်တာထက်ပို၍စိုးရိမ်ပူပန်ရန်မလိုအပ်ပါ။

### ရောဂါကာကွယ်ရန် နေ့စဥ်လုပ်ဆောင်ရမည့်အရာများ

ကူးစက်ခံရပါက ကိုယ်ဝန်ဆောင်များတွင်
ပြင်းထန်အဆုတ်ရောင်ခြင်း ဖြစ်နိုင်ခြေရှိပါသည်။ထို့ကြောင့်
လူထူထပ်သောနေရာများကိုရှောင်
ပါ။လက်ကိုမကြာခဏဆေးပါ။အထူးသဖြင့်
အောက်ပါနေရာများကိုသွားလာခြင်းမှရှောင်ကြဉ်ပါ။
၁)လေဝင်လေထွက်မရှိသောနေရာ
၂)လူထူထပ်သောနေရာ
၃)လူအများနှင့်ထိတွေ့ဆက်ဆံရမည့်နေရာ

### အလုပ်နှင့်စပ်လျဉ်း၍

အလုပ်လုပ်လျက်ရှိသော
ကိုယ်ဝန်ဆောင်များအနေဖြင့်
မိမိ၏ကျန်းမာရေးအခြေအနေပေါ်
ပေါ်မူတည်ကာ
အောက်ပါအချက်များကို
အလုပ်ရှင်နှင့်တိုင်ပင်ဆွေးနွေးပါ။
ရုံးတက်ရုံးဆင်းချိန်ညှိ
နှိုင်းခြင်း၊အိမ်မှတဆင့်
အလုပ်လုပ်ခြင်း၊
ယာယီခွင့်ယူခြင်း ။

**ကျန်းမာရေး၊အလုပ်သမားနှင့်လူမှုဖူလုံရေး ဝန်ကြီးဌာနသည်
ကိုယ်ဝန်ဆောင်မိခင်များဘေးကင်းစိတ်ချရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။**

ဤစာမျက်နှာ၏နောက်ဖတ်တွင် ကိုယ်ဝန်ဆောင်များအတွက်သက်မှတ်ထားသော ကြိုတင်ကာကွယ်ရန်အချက်များ၊
ကလေးမီးမဖွားမီပုံမှန်စမ်းသပ်စစ်ဆေးခြင်း နှင့် အဖျားရှိပါကလိုက်နာရန်များကိုဖော်ပြထားပါသည်။ အခြားသော
အသေးစိတ်သတင်းအချက်အလက်များကို အောက်ဖော်ပြပါ ဝန်ကြီးဌာန၏အင်တာနက်စာမျက်နှာနှင့်
သက်ဆိုင်ရာပညာရေးအဖွဲ့ အစည်းများ၏အင်တာနက်စာမျက်နှာတွင်ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**ကျန်းမာရေး၊အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာန**
(ကိုရိုနာဗိုင်းရပ်စ်အမေးအဖြေ)
https://www.mhlw.go.jp/stf/seisakunitsuite/bunya/kenkou_iryou/dengue_fever_qa_00014.html

**ဂျပန်နိုင်ငံသားဖွားမီးယပ်ဆိုင်ရာကူးစက်ရောဂါဆေးပညာအဖွဲ့**
(ကိုယ်ဝန်ဆောင်ရန်ပြင်ဆင်နေသူများ၊ကိုယ်ဝန်ဆောင်နှင့်စပ်လျဉ်းသော ကိုရိုနာဗိုင်းရပ်စ်သတင်းအချက်အလက်များ)
http://jsidog.kenkyuukai.jp/information/index.asp? (ဂျပန်ဘာသာဖြင့်သာ)

❖ ဖော်ပြပါစာမျက်နှာသည်လက်ရှိရရှိသောသတင်းအချက်အလက်ပေါ်မူတည်၍ပြင်ဆင်ထားပါသည်။ပြောင်းလဲမှုရှိလျှင် ထပ်မံပြင်ဆင်ပါမည်။

☞နောက်သို့

## ◆ ကိုရိုနာဗိုင်းရပ်စ်နှင့်စပ်လျဉ်း၍ စစ်ဆေးခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းနှင့်ဆိုင်သောလမ်းညွှန်ချက်အသစ်

- **ကိုယ်ဝန်ဆောင်အမျိုးသမီးများအအေးပတ်သော(အဖျား၊ ချောင်းဆိုး)လက္ခဏာရှိလျှင်ကိုရိုနာဗိုင်းရပ်စ်ကူးစက်သံသယရှိသူများအတွက်ဖွင့်လှစ်ထားသော တိုင်ပင်ဆွေးနွေးရန် စင်တာများသို့ အမြန်ဆုံး ဖုန်းဖြင့်ဆက်သွယ်ပါ။**
- ဆေးရုံဆေးခန်းများသို့ သွားလျှင် နှာခေါင်းစည်းတပ်ပါ၊ လက်ကိုဆပ်ပြာနှင့်သေချာစွာဆေးပါ၊ ချောင်းဆိုးလျှင်၊ နှာချေလျှင် ပါးစပ်နှင့်နှာခေါင်းကို တစ်သျှူး သို့ အဝတ်ဖြင့်အုပ်ပါ။

https://www.mhlw.go.jp/content/000628620.pdf (ဂျပန်ဘာသာဖြင့်သာ)

## ◆ ကိုယ်ဝန်ဆောင်သည်များအတွက် ခရိုင်များရှိတိုင်ပင်ဆွေးနွေးရန်စင်တာများ

- ကိုယ်ဝန်ဆောင်သည်များအတွက်ကိုရိုနာဗိုင်းရပ်စ်နှင့်ဆိုင်သော တိုင်ပင်ဆွေးနွေးရန်စင်တာများကို သွားရောက်ရာတွင် လွယ်ကူစေရန် ခရိုင်၊ မြို့ နယ်တိုင်းနှင့် ဒေသအသီးသီးတွင်ဖွင့်လှစ်ထားပါသည်။

https://www.mhlw.go.jp/stf/newpage_11296.html (ဂျပန်ဘာသာဖြင့်သာ)

❖ **ကိုရိုနာဗိုင်းရပ်စ်နှင့်ဆိုင်သော အခြားသော သတင်းအချက်အလက်များကို ဘာသာစကားပေါင်းစုံ ဖုန်းခေါ်ပံ့ပိုးပေးသော ဝန်ဆောင်မှု နှင့်ပတ်သက်၍ဖော်ပြပါ SHARE အဖွဲ့ အစည်းအင်တာနက်စာမျက်နှာတွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

https://share.or.jp/english/news/covid-19_information_for_foreigners_b#multi

## ◆ မီးဖွားခြင်းနှင့် စပ်လျဉ်း၍

- ခရိုင်တိုင်းတွင် ကူးစက်ခံရသော မိခင်လောင်းများအတွက် ဘေးကင်းလုံခြုံသော မီးဖွားမှု ပြုလုပ်နိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိပါသည်။ထို့ ကြောင့် အကယ်၍ကူးစက်ခံရပါက မိမိ၏ဆရာဝန်ထံဆက်သွယ်ပါ။

## ◆ ကိုယ်ဝန်ဆောင် သို့ မီးနေသည်များ အလုပ်နှင့်စပ်လျဉ်း၍

- ကိုရိုနာဗိုင်းရပ်နှင့် သက်ဆိုင်သော စိတ်ပိုင်းဆိုင်ရာနှင့် ကျန်းမာရေး၊လုံခြုံရေးထိခိုက်မှုများသည် မမွေးရသေးသောကလေးတွင် သက်ရောက်မှု ရှိနိုင်သည်ဟု ဆရာဝန်ကညွှန်ကြားကြောင်း ကိုယ်ဝန်ဆောင်မိခင်သည် မိမိ၏အလုပ်ရှင်ကို ဖော်ပြပါက အလုပ်ရှင်သည် အလုပ်သမား၏ကျန်းမာရေးအတွက် ညွှန်ကြားချက်အပေါ် အခြေခံ၍ လိုအပ်သော တာဝန်ယူမှုများ(အလုပ်ချိန်ပြောင်းလဲခြင်း၊ အလုပ်ဝန်ညှိနှိုင်းခြင်း) ဆောင်ရွက်ပေးရပါမည်။
(လုပ်ငန်းခွင်တွင် ကျား၊မတန်းတူအခွင့်အလမ်း နှင့် တန်းတူဆက်ဆံရေး ထိန်းသိမ်းမှု ဥပဒေ)
❖ ၂၀၂၀ မေလ ၇ ရက်နေ့ မှစ၍ ၂၀၂၁ ဇန်နဝါရီလ ၃၁ ရက်ထိ သက်ရောက်သည်။

- ကိုယ်ဝန်ဆောင်မိခင်သည် ဆရာဝန်ထံမှ ဆေးလက်မှတ်မပါဘဲနှင့်ပင်လျှင် အချိန်ပိုအလုပ်လုပ်ခြင်း၊ ညဘက် သို့ ပိတ်ရက်တွင်အလုပ်သွားရခြင်းများ မရှိစေရန် အလုပ်ရှင်အားတောင်းဆိုပိုင်ခွင့်ရှိသည်။ (စံအလုပ်သမားဥပဒေ)
----ကိုယ်ဝန်ဆောင်အလုပ်သမားများအား ကာကွယ်ရေးနှင့် စပ်လျဉ်းသော လက်ကမ်းစာစောင်ကို ဖော်ပြပါ အင်တာနက်စာမျက်နှာတွင်ဖတ်ရှု နိုင်သည်---

https://www.mhlw.go.jp/content/11909000/000628247.pdf (ဂျပန်ဘာသာဖြင့်သာ)

- ကျန်းမာရေး၊အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာန အမျိုးမျိုးသောအလုပ်သမားသမဂ္ဂများထံ ကိုရိုနာဗိုင်းရပ်စ်နှင့် စပ်လျဉ်း၍ ကိုယ်ဝန်ဆောင်အလုပ်သမားများ၏အခွင့်အရေးများကို လေးစားမှုရှိသော၊စိတ်သက်တောင့်သက်သာဖြင့် ခွင့်ယူနိုင်သော စနစ်တခုကိုပြင်ဆင်ရန် ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုထားပါသည်။

https://www.mhlw.go.jp/stf/newpage_11067.html
(စက်ဘာသာပြန်စနစ်ဖြင့် အင်္ဂလိပ်၊တရုတ် နှင့် ကိုရီးယားဘာသာများဖတ်ရှု နိုင်။)

## ◆ ကျွမ်းကျင်သူများထံမှ ဗွီဒီယိုမက်ဆေ့ချ်

- ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများထံမှ ကိုယ်ဝန်ဆောင်များနှင့် ကလေးငယ်ရှိသောမိဘများအတွက် ဗွီဒီယိုမက်ဆေ့ချ်များကို ဖော်ပြပါအင်တာနက်စာမျက်နှာတွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

https://www.mhlw.go.jp/stf/newpage_10996.html (Youtube ချန်နယ်တွင်စက်ဘာသာပြန်စနစ်ဖြင့် ကြည့်ရှုနိုင်သည်။

Translated by joint project of Department of Community and Global Health, Graduate School of Medicine, The University of Tokyo, and Services for the Health in Asian & African Regions (SHARE).

Last edited: May 14th, 2020